AD EOS QUIBUS MENS APERTA EST.

mgyoe.com


SAMPLE BOOK

*Leber Secretorum*

# SCIENTIAE ESOTERICAE

Magister Tertii Gradus

Vexillarius Vexilli Caerulei Veritatis



တတိယသေဃာဏ်ဉာဏပတိ၏

# ဂန္ဓာရိဂမ္ဘိရသံခိပ်

ရေမုံ ဘာသာပြန်ဆိုသည်

တေဇော ယေဏံ မနး သုဝိကာသိတံ

mgyoe.com

mgyoe.com SAMPLE BOOK

ဂန္ဓာရီ ဂမ္ဘီရ လောကီပညာ မှော်ပညာတွေဆိုတာ ဘာလဲ။ ကိုးကွယ်ယုံကြည်မှု ဘာသာတရားတွေနဲ့ အဲဒီ မှော်ပညာတွေ ဘယ်လို ဆက်စပ်နေတာလဲ။ ရိုးရာဓလေ့ ထုံးတမ်း အစဉ်အလာတွေနဲ့ ဘယ်လို ပတ်သက်နေတာလဲ။ အထက်လမ်း၊ အောက်လမ်း၊ အလယ်လမ်း တွေဆိုတာရော ဘာတွေလဲ။ ထွက်ရပ်လမ်းစဉ်ဆိုတာရော ဘာကိုပြောတာလဲ။

ကိုးကွယ်ယုံကြည်မှု "ဘာသာတရားကြီး"တွေ ရှိနေလျက်သားနဲ့ အဲဒီ မဟာဂန္ဓာရီမဟာ ဂမ္ဘီရတွေဆိုတာက ဘာတွေလဲ။ တန္တရ၊ မန္တရ၊ ယန္တရတွေက ဘာတွေလဲ။ တချို့လူတွေဆိုရင် အဲဒီ အကြောင်းအရာတွေနဲ့ အဲဒီယုံကြည်မှုတွေအပေါ် အင်မတန် ရူးရူးမူးမူး စွဲစွဲလမ်းလမ်း ဖြစ်တတ်ကြတယ်။ ဘာလို့လဲ။ ဘယ်လို အကျိုးကျေးဇူးတွေနဲ့ ဘယ်လို အကြောင်းတွေ ရှိနေလို့ အဲဒီလို အနေအထားအထိ အရေးပါသွားရတာလဲ။

---

လျို့ဝှက်နက်နဲတဲ့ အဲဒီပညာစဉ် လမ်းစဉ် ဂိုဏ်းစဉ်တွေအကြောင်းကို အခြေခံ သဘောတရားအနေအားဖြင့် နားလည်နိုင်အောင် တင်ပြထားတဲ့ သံခိပ်စာအုပ်လေးဖြစ်တာ ကြောင့် ဝါသနာရှင်ပဲဖြစ်ဖြစ် ပညာရှင်ပဲဖြစ်ဖြစ် အားလုံးအတွက် တဖက်တလမ်းကနေ အထောက်အကူဖြစ်ပါလိမ့်မယ်။

အစဉ်အလာရှိတဲ့ ဂန္ဓာရီဂမ္ဘီရဂိုဏ်းတော်တခုက ဉာဏမှူးတဦးရဲ့ မှတ်စုကို တိုက်ရိုက် ဘာသာပြန်ဆိုထားပြီး၊ မဖြစ်မနေ သိထားအပ်တဲ့ အခြေခံ ဂန္ဓာရီဂမ္ဘီရဆိုင်ရာ အကြောင်းအရာ တွေကိုပါ ပူးတွဲထည့်သွင်း ပြုစုပေးထားတာဖြစ်တဲ့အတွက် ရှေ့ရည်စိမ် အတုအယောင်တွေ ပေါ တဲ့ လောကထဲမှာ မှတ်ကျောက်တခုအနေနဲ့ အထောက်အကူဖြစ်ကို ဖြစ်စေမယ့် စာအုပ်လေး ဖြစ်ပါတယ်။ ပညာသင်ပဲဖြစ်ဖြစ်၊ ပညာရှင်ပဲဖြစ်ဖြစ်၊ ဝါသနာရှင်ပဲဖြစ်ဖြစ် သုတေသီပဲဖြစ်ဖြစ် လက်ကိုင်စွဲထားရမယ့် သိသူဖော်စား မသိသူကျော်သွားစာအုပ်ဖြစ်ပါတယ်။

ဂန္ဓာရီဂမ္ဘီရသံခိပ်

9 782025 001712

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၇၁)

## ပုံနှိပ်မှတ်တမ်း




# ဂန္ဓာရီဂမ္ဘီရသံခိပ်

ရေမုံ

ထုတ်ဝေသည့်အကြိမ် ◆ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ
စာအုပ်ဒီဇိုင်း ◆ မောရိသျှ အလင်း
ထုတ်ဝေသည့်အုပ်ရေ ◆ ၁၀၀၀
စာအုပ်တန်ဖိုး ◆ ၁၆၀၀၀ ကျပ်
ထုတ်ဝေသူ ◆ ဦးပြည့်အာကာ (၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ်(၃၀၈)၊ သဘော်ကျင်း (၂) လမ်း
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ◆ ဒေါ်မျိုးမျိုးသန့် (မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် (၁၁)၊ (၅၆) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ◆ စာရိပ်မြိုင်စာပေ၊ အမှတ်(၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ရေမုံ
ဂန္ဓာရီဂမ္ဘီရသံခိပ် / ရေမုံ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၂၄၀၊ ၁၃.၉၇ စင်တီ x ၂၀.၃၂ စင်တီ
(၁၇၁) ဂန္ဓာရီဂမ္ဘီရသံခိပ်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- မိတ်ဆက် ၇

## အပိုင်း (၁) အခြေခံယုံကြည်မှုများ

- လမ်းစဉ် ၁၉
- မူလသတ္တိ၊ ဂန္ဓာရီ၊ ဂမ္ဘီရ ၂၄ - ၃၆
- ယောဂတ္တရ၊ ချက္ကရ၊ အော်ရာ ၃၉ - ၅၇
- ကဗလဟ်ပညာ၊ အဂ္ဂိရိတ်ပညာ၊ နက္ခတ်ဗေဒင်ပညာ ၆၀ - ၇၆
- ရှေ့ဖြစ်ဟောနည်းများ ၈၁
- လောက၊ တမလွန် ၈၇ - ၁၀၅

## အပိုင်း (၂) နိမိတ်သညာ ဝိသေသလက္ခဏာများ

- ဝိသေသလက္ခဏာများ ၁၂၃
- နိမိတ်သကန်များ ၁၅၈

## အပိုင်း (၃) ပညာစဉ် လမ်းစဉ် နှင့် ဂိုဏ်းဂဏများ

- သနာသနဓရ်မ ၁၈၁
- နေမလေဝ်ရှ်၊ ကုမာရ်ဘိ၊ အမွန်ရ ၁၉၈ - ၂၀၆
- ဇရ်တော်ရှ်တီ ၂၁၅
- ဂိုဏ်းဂဏများ ၂၂၆


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ဂန္ဓာရီဂမ္ဘီရသိပ္ပံဟာ
ပင်ကိုအားဖြင့် နက်နဲခက်ခဲပြီး နားလည်ဖို့ မလွယ်ပါဘူး။
ဒါကြောင့် လူတိုင်းနားလည်ပြီး လက်ခံနိုင်တဲ့
အနေအထားရောက်သွားတာနဲ့ ဂန္ဓာရီဂမ္ဘီရမဖြစ်တော့ဘဲ
သာမန်ပညာရပ်အဖြစ် ပြောင်းလဲသွားတတ်ပါတယ်။

—The Paradoxes of the Highest Science
by Éliphas Lévi

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




# မိတ်ဆက်

ကမ္ဘာပေါ်က လူမျိုးတိုင်းမှာ ယုံကြည်သက်ဝင်မှုအစဉ်အလာတွေ အမျိုးမျိုးရှိနေကြပြီး ထူးထူးဆန်းဆန်းတွေ ကြံကြံဖန်ဖန်တွေ လက်ခံထားတတ်ကြတာကို သတိထားမိကြမှာပါ။

အမေရိကန် နိုင်ငံလိုမျိုး သိပ္ပံပညာ ထွန်းကားတယ်ဆိုတဲ့ အဖွံ့ဖြိုးဆုံးနိုင်ငံရဲ့ ဒေါ်လာငွေစက္ကူပေါ်မှာတောင် ထူးထူးဆန်းဆန်း အမှတ်သင်္ကေတတွေ ပါနေသလို၊ လက်တင် (Latin) ဘာသာစကားနဲ့ ရေးထားတဲ့ စာကြောင်းတွေ ပါနေတတ်ပါတယ်။ ဇယားကွက်တွေ ဟိုခြစ်ဒီရေးတွေနဲ့ အင်းလိုလို စမလိုလိုအရာတွေက ဘာတွေဖြစ်မလဲ။

ရှေးလူကြီးတွေ ပြောကြတဲ့ ရိုစီခရုချန် (Rosicrucian) အသင်းကြီးတို့၊ ရွှေအရုဏ်ဦးဂိုဏ်း (The Golden Dawn) တို့ဆိုတာရော ဘာတွေလဲ။ ကိုးကွယ်ယုံကြည်မှု "ဘာသာတရားကြီး"တွေ ရှိနေလျက်သားနဲ့ အဲဒီ မဟာဂန္ဓာရီ မဟာဂမ္ဘီရတွေဆိုတာက ဘာတွေလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

မှော်ပညာတွေ၊ လောကီပညာတွေ၊ အထက်လမ်း၊ အောက်လမ်း၊ အလယ်လမ်း၊ သိုက်ဆိုဖီ၊ တန္တရ၊ မန္တရ၊ ယန္တရတွေက ဘာတွေလဲ။ တချို့လူတွေဆိုရင် အဲဒီ အကြောင်းအရာတွေနဲ့ အဲဒီယုံကြည်မှုတွေအပေါ် အင်မတန် ရှုးရှုးမူးမူး စွဲစွဲလမ်းလမ်း ဖြစ်တတ်ကြတယ်။ ဘာလို့လဲ။ ဘယ်လို အကျိုးကျေးဇူးတွေနဲ့ ဘယ်လို အကြောင်းတွေ ရှိနေလို့ အဲဒီလို အနေအထားအထိ အရေးပါသွားရတာလဲ။

ကြားဖူးနားဝရှိသလောက် မဟာဂန္ဓာရီ မဟာဂမ္ဘီရဆိုတာတွေက "လျှို့ဝှက်"တဲ့ ပညာတွေတဲ့။ ဘာလို့ လျှို့ဝှက်တဲ့ ပညာဖြစ်သွားရတာလဲ။ လျှို့ဝှက်တဲ့ပညာဖြစ်နေလို့ သာမန်လူတွေ နားမလည်တာလား။ လူတိုင်း နားလည်သွားရင် ဘာဖြစ်သွားမှာမလို့ အဲဒီလောက် လျှို့လျှို့ဝှက်ဝှက် ဖြစ်နေရတာလဲ။ နာမ်လောက၊ ပရလောက၊ ဟိုမှာဘက်ခြမ်း၊ အထက်လမ်းစဉ်၊ အောက်လမ်းစဉ်တွေဆိုတာရော ဘာတွေလဲ။ ထွက်ရပ်ပေါက်တယ်ဆိုတာကော။ ဝိဇ္ဇာဖြစ်တယ်ဆိုတာတွေရော။ ဂဃနဏ သဘောပေါက်ချင်ကြမှာပါ။

ခရစ်ယာန်တွေ ယုံကြည်တဲ့ ကောင်းကင်ဘုံနဲ့ ငရဲဘုံတွေဆိုတာကော တကယ်ရှိလား။ ဒါမှမဟုတ် ဗုဒ္ဓဘာသာမှာ ယုံကြည်လက်ခံထားတဲ့ ငရဲကြီးရှစ်ထပ်တွေ၊ အသုရကာယ်တွေ၊ ပြိတ္တာတွေကော တကယ်ရှိလား။ အဲဒီလို မဟုတ်ဘဲ အာရပ်လူမျိုးတွေရဲ့ ရိုးရာယုံကြည်မှုတွေနဲ့ တထောင့်တညပုံပြင်လိုမျိုး ရှေးဟောင်းပုံပြင်တွေမှာ ပါတဲ့ ဂျင်န်တွေဆိုဘာရော တကယ်ရှိလား။ တရုတ်သရဲကားတွေမှာပါတဲ့ မှော်ဆရာတွေနဲ့ အသုဘကောင်ကြီးတွေကို ထိန်းချုပ်တဲ့ မှော်ပညာတွေကော တကယ်ရှိလား။

ဂျူးလူမျိုးတွေ၊ ခရစ်ယာန်တွေ၊ အစ္စလာမ်တွေ ဘာလို့ ယေရုရှလင်မြို့ကို တမ်းတမ်းစွဲ ဖြစ်နေကြတာလဲ။ တမန်တော်တွေဆိုတာက ရော ဘာလဲ။ မိုက်ကယ်၊ ဂေဘရီရယ် စသဖြင့် ကောင်းကင်တမန်တွေက ဘာလဲ။ အဂ္ဂိရိတ်ထိုးတယ်ဆိုတာကရော ဘာလဲ။ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ စသဖြင့် အဲဒီပုဂ္ဂိုလ်တွေနဲ့ သူတို့ရဲ့ ဓါတ်လုံးတွေဆိုတာကရော ဘာတွေလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


ခေတ်အဆက်ဆက်က ထွန်းကားခဲ့သမျှ လူသားတွေရဲ့ ယုံကြည်လက်ခံမှုတွေကို သံခိပ်အနေနဲ့ နားလည်လွယ်အောင် တင်ပြထားတာဖြစ်တာကြောင့် အာစရိယောဝါဒနဲ့ ပုဂ္ဂလပညတ် ရှုထောင့်တွေအရ လွဲမှားကောင်း လွဲမှားနေနိုင်သလို၊ လုံးလုံးလျားလျားကြီး လွဲချော်ကောင်း လွဲချော်နေနိုင်ပါတယ်။

နားလည်ရခက်ခဲတဲ့ ပညာရပ်တွေကို နားလည်လွယ်အောင် သို့မဟုတ် နားလည်သလို တင်ပြထားတာဖြစ်တဲ့အတွက် ဒီစာအုပ်ပါ အကြောင်းအရာတွေနဲ့ အဖြေတွေက "မှား" ကောင်း "မှား" နိုင်ပါတယ်။

ယတိပြတ် အဟုတ်အမှန် အဓိပ္ပါယ်ဖွင့်ဆိုချက်များအဖြစ် လက်ခံဖို့အတွက် အထူးတင်ပြထားချက်တွေမဟုတ်ဘဲ၊ သုတေသနပြု ဆက်လက်လေ့လာသွားဖို့အတွက် အခြေခံ အသိပညာ ရစေကြောင်း အကျဉ်းချုပ်တင်ပြထားတဲ့ သံခိပ်အဖြေမျှသာ ဖြစ်ပါကြောင်း ကြိုတင် အသိပေးအပ်ပါတယ်။

လေးစားစွာဖြင့်

တတိယသဿဃဏီဉာဏပတိ

(Magister Tertii Gradus)

(Vexillarius Vexilli Caerulei Veritatis)

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



# အပိုင်းတစ်

## အခြေခံယုံကြည်မှုများ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK




ဂန္ထာရီ ဂမ္ဘီရပညာဆိုတာ ထင်သလောက် မရိုးရှင်းပါဘူး။ အခြေခံယုံကြည်မှုတွေနဲ့ အခြေခံအသိပညာတွေဆိုပြီး သီးခြားစီ ရှိကြပါတယ်။ အဲဒီ အသိပညာတွေနဲ့ ယုံကြည်မှုတိုင်းမှာလည်း ဂန္ထာရီလို့ခေါ်တဲ့ (Theology or Philosophy or Epistemology) နဲ့ ဂမ္ဘီရလို့ခေါ်တဲ့ (Methodology) နှစ်မျိုးဆီ အမြဲ ရှိပါတယ်။ ဂန္ထာရီက တွေးခေါ်မြော်မြင်မှုတွေဖြစ်ပြီး၊ ဂမ္ဘီရဆိုတာက လက်တွေ့ကျင့်ကြံအားထုတ်မှုတွေဖြစ်ပါတယ်။

နားလည်လွယ်အောင်ပြောရရင် သမ္မာကျမ်းစာကို လေ့လာတာက ဂန္ထာရီဖြစ်ပြီး၊ သမ္မာကျမ်းစာကနေ သင်ကြားလေ့လာထားရတာတွေကို လက်တွေ့ဘဝမှာ ကျင့်သုံးပြီး ဝတ်ပြု ဆုတောင်း ပတ္ထနာတာတွေက ဂမ္ဘီရဖြစ်ပါတယ်။ ကိုအာန်ကျမ်းကို သင်ကြားသင်ယူတာက ဂန္ထာရီဖြစ်ပြီး၊ ကိုအာန်ကျမ်းလာ အဆုံးအမအတိုင်း နေထိုင်ကြခြင်းက ဂမ္ဘီရဖြစ်ပါတယ်။

လူသားမျိုးနွယ် အမျိုးမျိုးရှိသည့်အလျောက် လူ့ယဉ်ကျေးမှုနဲ့ ယုံကြည်မှုတွေအလိုက် ဂန္ထာရီ ဂမ္ဘီရ အစဉ်အလာ အမျိုးမျိုး ရှိပါတယ်။ လူမျိုးနဲ့ ယဉ်ကျေးမှု ထွန်းကားပုံအလိုက် ဂန္ထာရီဂမ္ဘီရအစဉ်အလာတွေရဲ့ ကြီးကျယ်ခမ်းနားပုံ ကွာခြားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီကနေ့ခေတ် ဗေဒင်ပညာနဲ့ လက္ခဏာပညာတွေဆိုတာက အမှန်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ထောင်ကနေ တသောင်းခန့်က အိန္ဒိယမြစ်ဝှမ်းမှာ ထွန်းကားခဲ့တဲ့ ဝေဒကျမ်းတတ်တွေ ရှေးဟောင်းယုံကြည်မှုတွေကနေ ဆင်းသက်ပြောင်းလဲသွားတဲ့ ခေတ်ပြိုင်ပညာရပ်တွေ ဖြစ်ပါတယ်။ (ရှေးဟောင်းပညာရပ်တွေ မဟုတ်ပါဘူး။)

တားရော့ဗေဒင်လိုမျိုး ကတ်ဗေဒင်တွေဆိုတာကလည်း အမှန်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးထောင်ကနေ ငါးထောင်အတွင်း ထွန်းကားခဲ့တဲ့ အီဂျစ်နတ်ဘုရားယုံကြည်မှုတွေကနေ ဆင်းသက်ပြောင်းလဲသွားတဲ့ ပညာရပ်တွေဖြစ်ပါတယ်။ (ရှေးဟောင်း ရှေ့ဖြစ်ဟောပညာတွေ မဟုတ်ပါဘူး)

ဒါကြောင့် ဂန္ဓာရီပညာလို့ပဲပြောပြော ဂမ္ဘီရပညာလို့ပဲပြောပြော "အရင်းအမြစ်" ရှိပါတယ်။ အရင်းအမြစ် တိတိကျကျ မသိပါဘဲ ကျင့်ကြံအားထုတ်နေခဲ့ရင် မှန်ကန်တိကျတဲ့ ပညာရပ်လမ်းစဉ်ကို လိုက်စားနေတယ်လို့ မဆိုနိုင်ပါဘူး။

အခြေခံအားဖြင့် သိသင့်သိထိုက် တတ်သင့်တတ်ထိုက် လေ့လာသင့်လေ့လာထိုက်တဲ့ ပညာရပ်တွေကို ကျေညက်စွာ နားလည်ထားပြီးမှသာ "အဆင့်မြင့်" လမ်းစဉ်နဲ့ ကျင့်စဉ်တွေကို လိုက်စား ကျင့်ကြံ အားထုတ်နိုင်မှာ ဖြစ်ပါတယ်။

ဂမ္ဘီရပညာအားဖြင့် "လုပ်တတ်ကိုင်တတ်" "ကျင့်ကြံအားထုတ်" တတ်တိုင်း ဂန္ဓာရီပညာအားဖြင့် သိထားအပ်တဲ့ အခြေခံ အသိတွေ မရှိခဲ့ရင် အဲဒီ "လုပ်တတ်ကိုင်တတ်" "ကျင့်ကြံအားထုတ်" တတ်တာတွေက ရောက်သင့် ရောက်ထိုက်တဲ့ အဆင့်ကို ဘယ်လိုမှ မရောက်နိုင်ပါဘူး။

ဒီနေရာမှာ နားလည်ထားရမယ့်အချက်က ဘယ်လို အားထုတ်မှုမျိုးမဆို အားထုတ်ကျင့်ကြံတဲ့ အဆင့်အလိုက် အကျိုးကျေးဇူး ဖြစ်ထွန်းမှု ကိုယ်စီ ရှိပါတယ်။ ဒါပေမဲ့ ရသင့်တဲ့ အကျိုးကျေးဇူးကို ရထိုက်သလောက် မရနိုင်ဘဲ ဖြစ်သွားနိုင်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

အင်းအိုင်လက်ဖွဲ့ စသဖြင့် ဂမ္ဘီရပညာတွေကို ဆရာဆီကနေ သင်ယူပြီး ဂမ္ဘီရပညာကျကျ အင်းအိုင်လက်ဖွဲ့ စီရင်တတ်ပေမဲ့၊ အဲဒီ အင်းအိုင်လက်ဖွဲ့တွေရဲ့ ဂန္ဓာရီပညာပိုင်းဆိုင်ရာ အခြေခံအသိတွေ လေ့ ကျင့်သင်ကြားထားခြင်း မရှိရင်တော့ -သိထား တတ်ထားတဲ့ ဂမ္ဘီရပညာ က ပေးနိုင်တဲ့ အကျိုးကျေးဇူးကို ဆတိုးများပြားအောင် ပြုလုပ်စီရင် တတ်မှာ မဟုတ်ပါဘူး။

ဥပမာ - အီနော့ခီးယန်း (Enochian) ခုနစ်ထောင့်အင်းကို စီရင် တတ်ပေမဲ့၊ အီနော့ခီးယန်း အက္ခရာနဲ့ ဘာသာစကားကို မပြော တတ်ရင်တော့ အင်းအစီအရင်ကို ကြီးကျယ်အောင် သိဒ္ဓိတင် နိုင်မှာ မဟုတ်ပါဘူး။ အလုပ်ဖြစ်ရုံလောက်ပဲ စီရင်တတ်မှာပါ။

ဂန္ဓာရီဂမ္ဘီရပညာတွေက အင်မတန် နက်နဲသလို အင်မတန် ရှုပ်ထွေးပါတယ်။ မတူညီတဲ့ အာစရိယောဝါဒတွေနဲ့ အစဉ်အလာ ရိုးရာ ဓလေ့ ထုံးတမ်း လုပ်ထုံး လုပ်နည်း စသဖြင့် ကွဲပြားခြားနားမှုတွေ အင်မတန် များပါတယ်။

ဥပမာ။ ။ ကာလီမယ်တော်ကို ပုရာဏ်ကျမ်းလာ နည်း တွေနဲ့ ပူဇော်ပုံက တမျိုးတဖက်၊ တန္တရနည်းတွေအရ ပူဇော် ပုံက တမျိုးတဖက်ဖြစ်ပါတယ်။ ဂဝံမယ်တော်ကိုလည်း ထိုနည်းတူစွာပါပဲ၊ လူအများသိထားတဲ့ “အောက်လမ်း” ဆို တဲ့ နည်းစဉ်တွေအရ ဂဝံမယ်တော်ကို စီရင်တဲ့အခါ စီရင်နည်း တွေက တမျိုး၊ ဒါပေမဲ့ အထက်လမ်းစဉ်အရ ဂဝံမယ်တော် ကို စီရင်တဲ့အခါ စီရင်နည်းက သီးခြား ရှိပါတယ်။ ဒါတောင် မှ အာစရိယောဝါဒ မပါသေးပါဘူး။ ဆရာအလိုက် အယူအဆ တွေ အမျိုးမျိုး ရှိနေတတ်ပါသေးတယ်။ ဒါကြောင့် ဂမ္ဘီရပညာ က လက်တွေ့ ကျင့်ကြံအားထုတ် စီရင်မှု ဖြစ်တဲ့အတွက် နည်း စဉ်အလိုက် ဖြစ်အောင် လုပ်ဖို့ လွယ်ကူနိုင်သလောက်၊ ဂန္ဓာရီ အားဖြင့် ဂမ္ဘီရအစီအရင်အတွက် လက်ဦးမဆွ သိထားသင့်တာ တွေကို ဂဃနဏ သိနိုင်ဖို့ လုံးဝ မလွယ်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကိုမှ သမားရိုးကျဝါဒနဲ့ ရိုးရာအမြင်တွေ သီးခြားစီ ရှိနိုင်ပါသေးတယ်။ သမားရိုးကျ ဂန္ဓာရီပညာအရ ပယောဂနှင်တဲ့အခါ ပယောဂဆရာအနေနဲ့ မြေကို အစိုးရတဲ့နတ်၊ ရေကို အစိုးရတဲ့နတ်၊ လေကို အစိုးရတဲ့နတ်၊ အာကာသကို အစိုးရတဲ့နတ်နဲ့ မီးကို အစိုးရတဲ့နတ်တွေကို အရင်ဆုံး ဖိတ်ကြားဆင့်ခေါ်ပြီး ပူးကပ်နေတဲ့ သတ္တဝါဆိုးကို နှင်ထုတ်မှာဖြစ်ကြောင်း ကြိုတင် အသိပေးရပါတယ်။ ဒါပေမဲ့ ရိုးရာအတိုင်း ပယောဂနှင်တဲ့ ပယောဂဆရာတွေကျတော့ နယ်ပိုင်၊ ပယ်ပိုင် စသဖြင့် အပိုင်တွေကို ဆင့်ခေါ်ပြီး အပနှင်ရင် အလုပ်ဖြစ်တယ်လို့ လက်ခံယုံကြည်ပြီး အစီအရင်ပြုတတ်ကြပါတယ်။

ဒီနေရာမှာ အလုပ်ဖြစ်ပုံ (ပယောဂကုသပြီးစီးပုံ) ကွာခြားသွားပါပြီ။ အရှင်းဆုံးပြောရရင် ဂမ္ဘီရအသိလောက်နဲ့ လုပ်လည်း အလုပ်ဖြစ်နိုင်ပါတယ်။ ဂမ္ဘီရအသိအပြင် ဂန္ဓာရီအသိနဲ့ပါ လုပ်ရင် "ပိုပြီး" အလုပ်ဖြစ်နိုင်တဲ့ အချက်ကို အထူးပြောချင်တာပါ။ ဒါကြောင့် ဘယ်လို ဂမ္ဘီရပညာကိုမဆို ကျင့်ကြံအားထုတ် စီရင်နေပါစေ ဂန္ဓာရီအသိမှ မပြည့်စုံသေးရင် ဘယ်တော့မှ ဂမ္ဘီရအစီအရင်ကို ရောက်သင့်ရောက်ထိုက် ရှိသင့်ရှိထိုက် ရသင့်ရထိုက်တဲ့ အကျိုးကျေးဇူးမျိုး ရအောင် လုပ်နိုင်မှာ မဟုတ်ကြောင်း သိထားဖို့ လိုအပ်ပါတယ်။

လူမျိုးအလိုက်၊ ယဉ်ကျေးမှုအလိုက်၊ ရိုးရာအလိုက်၊ ဓလေ့ထုံးစံအလိုက်၊ ယုံကြည်မှုအလိုက်၊ ဘာသာတရားအလိုက် အခြေခံ ယုံကြည်မှုတွေ အများကြီး ရှိပါတယ်။ အဲဒီ ယုံကြည်မှုတွေတိုင်းမှာ ဂန္ဓာရီအားဖြင့် အခြေခံ အသိပညာတွေ ရှိသလို၊ ဂမ္ဘီရအားဖြင့် အခြေခံ အတတ်ပညာတွေ သီးခြားစီ ရှိပါတယ်။

> ဥပမာ။ ။ ကတ်သလစ်ခရစ်ယာန် အယူအဆအရ အပထုတ်တဲ့အခါ ကျမ်းစာကို နားလည်ကျွမ်းကျင်တဲ့ သိက္ခာတော်ရ ဆရာတော်နဲ့ သမ္မာကျမ်းစာရှိရုံနဲ့ လုံလောက်ပါတယ်။
> (လုပ်ထုံး လုပ်နည်းတွေ အများကြီး ရှိပါသေးတယ်။)

mgyoe.com

mgyoe.com SAMPLE BOOK 

ဒါပေမဲ့ ဓမ္မသုတာခရစ်ယာန်အယူအဆအရ အပထုတ်မယ်ဆို ရင်တော့ ပူးကပ်နေတဲ့ သတ္တဝါဆိုးရဲ့ အမည်နာမကို ဖော်ထုတ် နေစရာ မလိုပါဘူး၊ ဓမ္မသုတာဂန္ဓာရီပညာရပ်လာ ဂမ္ဘီရအစီ အရင်တွေနဲ့ သတ္တဝါဆိုးပူးကပ်နေတဲ့ ကာယကံရှင်ကို အစီ အရင် အင်းကွက်အတွင်း ဝင်ရောက်စေပြီး ကျမ်းစာလာ ကျမ်း ထွက်ဒေသနာတော်တွေနဲ့ အာဏာစက်တည် မောင်းထုတ် "အပနှင်" လို့ ရပါတယ်။

နာမည်ကျော် ပြင်သစ်လူမျိုး ဂန္ဓာရီဂမ္ဘီရပညာရှင်ကြီး အဲလိဖတ်စ် လီဗိုင် ပြောခဲ့ဖူးတဲ့ မှတ်ချက်လိုပါပဲ၊

*"တားရော့ကတ်ကိုင်တတ်သူတိုင်း ရှေ့ဖြစ်ဟောတတ်ကြပေမဲ့၊ တားရော့ကတ်တိုင်းရဲ့ အဓိပ္ပါယ်တွေကို စနစ်တကျ လေ့လာ သင်ယူထားသူတွေကတော့ ရှေ့ဖြစ်ဟောရမှာ အလွန် တွန့်ဆုတ်ကြပါတယ်။ ဂမ္ဘီရပညာလောက် တတ်သိထား သူက ဆရာဖြစ်ကြောင်း ဝါကြွားကြသလောက်၊ ဂန္ဓာရီပညာ ကိုပါ တတ်သိသူတွေကတော့ ဆရာအဖြစ် အားကိုးခံရမှာ ကို အင်မတန် စိုးထိတ်ကြပါတယ်။ ဂမ္ဘီရပညာမျှသာ တတ်သိ သူတွေက ကျမ်းဂန်မျိုးစုံ ပြုစုရေးသားထုတ်ဝေတတ်ကြပြီး လက်တွေ့အသုံးချပညာလို့ နာမည်ခံကြသလောက်၊ ဂန္ဓာရီ ပညာကိုပါ တတ်သိသူတွေကတော့ လူရှေ့ထွက်ဖို့ထက် အများ အားဖြင့် ပုန်းခိုနေတတ်ကြပါတယ်။"*

အခြေခံယုံကြည်မှုတွေ များပြားသလို ဂန္ဓာရီဂမ္ဘီရ အသိပညာ အတတ်ပညာတွေလည်း အင်မတန် များပြားပါတယ်။ သိထားတတ် ထားသလောက်နဲ့ အလုပ်ဖြစ်အောင် အားထုတ်ဖို့ ခဲယဉ်းနေရင် သိထား တတ်ထားတဲ့ အသိပညာ အတတ်ပညာ မပြည့်စုံ မလုံလောက်သေးလို့ သာ ဖြစ်ပါလိမ့်မယ်။

/

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK


# လမ်းစဉ်

ဂန္ဓာရီဂမ္ဘီရပညာရပ်တိုင်းမှာ လမ်းစဉ်ဆိုတာ ရှိပါတယ်။ အဂ္ဂိရိတ်ပညာရပ်ရဲ့ လမ်းစဉ်က သိဒ္ဓိမဟိဒ္ဓိပီးစီးတဲ့ ဓါတ်လုံး ရအောင် လုပ်ဖို့ ဖြစ်ပါတယ်။ ပဋ္ဌမ်ပညာရပ်ရဲ့ လမ်းစဉ်က သိဒ္ဓိ မဟိဒ္ဓိ ဣဒ္ဓိ သတ္တိ သမာဓိ ဆိုတဲ့ ပုညတွေ ပြည့်စုံတဲ့ "ဣသိ"ဖြစ်အောင် ကျင့်ကြံအားထုတ်သွားဖို့ ဖြစ်ပါတယ်။ Magik လို့ခေါ်တဲ့ မှော်ပညာရပ်တွေရဲ့ လမ်းစဉ်က ဂန္ဓာရီ ပညာရော ဂမ္ဘီရပညာတွေပါ ပြည့်စုံတဲ့ လောကပါလ (Holy Guardian) ဖြစ်အောင် ကျင့်ကြံအားထုတ်သွားဖို့ ဖြစ်ပါတယ်။

မတူညီတဲ့ ယုံကြည်မှု၊ ဘာသာတရားတွေအလိုက် ဂန္ဓာရီ အသိပညာအပေါ် မူတည်ပြီး လမ်းစဉ်တွေလည်း အမျိုးမျိုးဖြစ်သွား နိုင်ပါတယ်။ ဆူဖီကမ္မဋ္ဌာန်း (Sufism) သို့မဟုတ် ဆူဖီယုံကြည်မှုရဲ့ လမ်းစဉ်ဆိုရင် ဝူသျူ (Wuṣūl) လို့ခေါ်တဲ့ ထာဝရဘုရားနဲ့ ပေါင်းစည်းမှု၊ ဖဏာ (Fana) လို့ခေါ်တဲ့ အတ္တစွဲကင်းမှုနဲ့ အဆ်န် အလ် ကာမိလ် (Insān al-Kāmil) လို့ခေါ်တဲ့ နာမ်၏ပြည့်စုံခြင်း ရဖို့ဖြစ်ပါတယ်။

လမ်းစဉ်တိုင်းက ယုံကြည်မှုတွေအပေါ် မူတည်ပြီး အမျိုး မျိုး ကွဲပြားသွားနိုင်ပါတယ်။ ခရစ်ယာန်ဘာသာတရားအပေါ် အခြေခံ ထားတဲ့ ဓမ္မသုတခရစ်ယောဝါဒ (Gnostic Christian) ရဲ့ ဂန္ဓာရီ ဂမ္ဘီရ လမ်းစဉ်ဆိုရင် နျူမန်တိကော့စ် (Pneumatickos) လို့ခေါ်တဲ့ အသိဉာဏ်အလင်းပွင့်မှု ရရှိဖို့ဖြစ်ပါတယ်။ ( ရုပ်လောကဟာ ထာဝရ တည်ရှိတဲ့ နာမ်ဝိညာဉ်အတွက် အကျဉ်းထောင်ဖြစ်ပြီး၊ ရုပ်နယ်အလွန် ပရမဖြစ်တဲ့ နာမ်ဝိညာဉ်အဖြစ် ရောက်အောင် ကျင့်ကြံအားထုတ်သွား ဖို့ လိုအပ်ကြောင်း သိပြီး၊ သိသွားသည့်အတိုင်း လက်တွေ့ ကျင့်ကြံ အားထုတ်နိုင်ခြင်းကို နျူမန်တိကော့စ်လို့ ခေါ်ပါတယ်။)

mgyoe.com

mgyoe.com SAMPLE BOOK

ခရစ်ယာန် ဘာသာတရားရဲ့ လမ်းစဉ်က အဖဘုရားသခင်၊ သားဦးခရစ်တော်နဲ့ သန့်ရှင်းသောဝိညာဉ်တော်တွေကို အပြည့်အဝ ယုံကြည်လက်ခံပြီး၊ ခရစ်တော်ကို စံပြထားလျက် နေထိုင်ရှင်သန်သွားဖို့ ဖြစ်ပါတယ်။ အစ္စလာမ် ဘာသာတရားရဲ့ လမ်းစဉ်က အလ္လာဟ်အရှင်အမြတ်အပေါ် အပြည့်အဝ ယုံကြည်လက်ခံပြီး၊ တမန်တော် မိုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်ရဲ့ နောက်ဆုံးသော တမန်တော်ဖြစ်သလို၊ ကိုအာန်ကျမ်းစာသည် အလ္လာဟ်အရှင်မြတ်ရဲ့ နုတ်ကပတ်တော်ဖြစ်ကြောင်း အပြည့်အဝ ယုံကြည်လက်ခံလျက် ကျမ်းစာလာ ဆုံးမသွန်သင်ချက်အတိုင်း နေထိုင်ရှင်သန်သွားဖို့ ဖြစ်ပါတယ်။

ဂျူးတွေရဲ့ လမ်းစဉ်က အမည်နာမတော်ကို မြွက်ဟထုတ်ဖော်ပြောလို့ မဖြစ်တဲ့ ထာဝရဘုရားရှင်နဲ့ နီးစပ်နိုင်အောင် ရွေးကောက်ခံတမန်တော်တို့ မြွက်ဟပြောကြားထားတဲ့ နုတ်ကပတ်တော် ဒေသနာကျမ်းထွက် တိုရဟ် (Torah) နဲ့ ပညတ်တော် (Commandments) တွေအတိုင်း တသွေမတိမ်း လိုက်နာကျင့်ကြံသွားဖို့ ဖြစ်ပါတယ်။

တောက်ဝါဒယုံကြည်မှုရဲ့ အန္တိမလမ်းစဉ်က မိမိကိုယ်ကိုယ်အားကိုးနိုင်ခြင်းဖြစ်ပြီး၊ တောက်ရဲ့ သဘောသဘာဝအပေါ် နားလည်နိုင်အောင် ကြိုးစားသင်ယူလျက် တောက်သဘာဝအတိုင်း သဘာဝနဲ့ထပ်တူကျတဲ့ကမ္ဘာ့ဌာန်းမျိုးကို ဦးထိပ်ထား ကျင့်ကြံလျက် မိမိကိုယ်ကိုယ် ပြုပြင်ပြီး အကျင့်သီလပြည့်စုံစွာ ရှင်သန်သွားဖို့ ဖြစ်ပါတယ်။

သနန္တနဓမ္မ (သို့) ဟိန္ဒူဘာသာ ယုံကြည်မှုရဲ့ လမ်းစဉ်က သံသရာဝဋ်ဆင်းရဲကနေ လွန်မြောက်အောင် ဓရ်မ (Dharma) ဓမ္မတရားအတိုင်း ပြုမူကျင့်ကြံနေထိုင်ပြီး၊ အာရ်ထ (Artha) လို့ခေါ်တဲ့ ရုပ်ရောနာမ်ပါ ပြီးပြည့်စုံ ကုံလုံကြွယ်ဝတဲ့ ဘဝမျိုး တည်ဆောက်ရမှာဖြစ်သလို၊ ကာမ (Kama) လို့ခေါ်တဲ့ တပ်မက်မောတွယ်တာမှုတွေကို ဆင်ခြင်ထိန်းချုပ်လျက်၊ မောခ်ရှ - မောက္ခ ( Moksha) လို့ခေါ်တဲ့ သံသရာဝဋ်ဆင်းရဲကနေ လွန်မြောက်အောင် ကျင့်ကြံအားထုတ်နေထိုင်သွားဖို့ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

သဘာဝဓမ္မဝါဒ (Mysticism) ယုံကြည်မှုအရ အန္တိမလမ်းစဉ်က သဘာဝတရားကြီးနဲ့ထပ်တူကျတဲ့ ဘဝနေထိုင်မှုမျိုးကို တည်ဆောက်ပြီး၊ ဂန္ဓာရီဂမ္ဘီရအသိပညာများအရ အမြင့်ဆုံးသော အသိအလိမ္မာတွေကို ရအောင် ကြိုးစား အားထုတ်သွားနိုင်ဖို့ ဖြစ်ပါတယ်။

လမ်းစဉ်ဆိုတာ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ ပညာရပ်တော့ ရှိနေပြီး လမ်းစဉ် မရှိရင် (သို့မဟုတ်) အသိပညာရှိနေပေမဲ့ အန္တိမလမ်းစဉ်လည်း မရှိ အန္တိမ ပန်းတိုင်မှ မရှိရင် ဂန္ဓာရီလည်း မဟုတ်သလို၊ ဂမ္ဘီရလည်း မဟုတ်ပါဘူး။ အတုအယောင်သာဖြစ်ပါလိမ့်မယ်။

ယုံကြည်မှုဖြစ်စေ၊ သက်ဝင်မှုဖြစ်စေ၊ ဘာသာတရားပဲဖြစ်စေ၊ ရိုးရာပဲဖြစ်စေ ဘယ်လို ယုံကြည်သက်ဝင်မှုမျိုးမှာမဆို လမ်းစဉ် ရှိကို ရှိရပါမယ်။ ပန်းတိုင် ရှိကို ရှိနေရပါမယ်။ ယုံကြည်မှု သဘာဝလည်း မပီပြင်၊ သက်ဝင်မှုသဘောသဘာဝလည်း မသေချာ၊ ဂန္ဓာရီလည်း မရှိ၊ ဂမ္ဘီရလည်း မဖြစ် ဟိုမရောက် ဒီမရောက်ဖြစ်နေရင် အတုအယောင်သာ ဖြစ်ပါတယ်။

လမ်းစဉ်နဲ့ ပန်းတိုင် တိကျသေချာစွာ ရှိတဲ့ ပညာရပ်များသာလျှင် စင်စစ် ပညာရပ်တွေ ဖြစ်ပါတယ်။ လမ်းစဉ်သော်လည်းကောင်း ပန်းတိုင်သော်လည်းကောင်း ရှိပေမဲ့လည်း၊ ဂန္ဓာရီအားဖြင့် ပညာရပ်လည်း မရှိသလို၊ ဂမ္ဘီရအားဖြင့် ပညာရပ်တွေလည်း မစုံလင်ရင် စင်စစ် လမ်းစဉ်အစစ် ပန်းတိုင်အစစ် မဖြစ်နိုင်ပါဘူး။

> ဥပမာ။ ။ အင်းထိုး ဆေးပေါက်နေပြီး လမ်းစဉ်က သီလ ပြည့်စုံအောင် ကျင့်ကြံလျက်၊ ပန်းတိုင်က အင်းဝိဇ္ဇာဖြစ်အောင် ကျင့်ကြံနေတယ်လို့ ဆိုရင် အပျော်တမ်း ဝါသနာအရ လုပ်နေတဲ့ အတုအယောင်မှော်ပညာတွေသာ ဖြစ်ပါတယ်။

ဖီမှော်လို့ခေါ်တဲ့ ထိုင်းလူမျိုးတွေရဲ့ ဒေသန္တရ ရိုးရာယုံကြည်မှုတွေမှာဆိုရင် “ဖီ” (Phi) လို့ခေါ်တဲ့ ရိုးရာနတ်ကြီး နတ်ငယ်ယုံကြည်မှုတွေ အများကြီး ရှိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လူမျိုးနွယ်စုအလိုက် ယုံကြည်တဲ့ နတ်တွေနဲ့ ကိုးကွယ်ယုံကြည်သူ အနည်းအများအလိုက် “ဖီ” တွေလည်း တန်ခိုးကြီးငယ် ကွဲသွားတတ်ပါတယ်။ အဲဒီလို ဒေသန္တရ ယုံကြည်မှုအပေါ် သနန္တနဓမ္မလာ ရှေးဟောင်းဝေဒယုံကြည်မှုတွေထဲက တန္တရ၊ မန္တရ၊ ယန္တရတွေ လွှမ်းမိုးသွားတဲ့အခါ “ဖီ” တွေအပေါ် ယန္တရတွေသုံးပြီး ထိန်းချုပ်တဲ့ ယုံကြည်မှုတွေအဖြစ် ကူးပြောင်းတိုးတက်သွားပါတယ်။

လမ်းစဉ်အားဖြင့် သီးခြား မရှိပေမဲ့၊ ယန္တရ (အင်း၊ စမ) တွေသုံးပြီးတော့ဖြစ်စေ၊ မန္တရ (ဂါထာရွတ်) တွေ သုံးပြီးတော့ဖြစ်စေ “ဖီ” လို့ခေါ်တဲ့ နတ်တွေကို ထိန်းချုပ်တာကပဲ ပန်းတိုင်လိုမျိုး ဖြစ်သွားပါတယ်။

ယန္တရလို့ခေါ်တဲ့ အင်းကွက်တွေ၊ စမပုံတွေကို ဆေးမှင်ကြောင်စုတ်ထိုးပြီး “ဖီ” တွေရဲ့ အပူးအကပ် မခံရအောင်၊ ဒါမှမဟုတ် “ဖီ” တွေရဲ့ အစွမ်းတန်ခိုးတွေကို မျှယူပြီး တုတ်ပီးဓားပီးအောင် ဒါမှမဟုတ် “ဖီ” တွေရဲ့ သိဒ္ဓိတန်ခိုးတွေကို တောင်းခံပြီး မျက်နှာပွင့်အောင် ကံဇာတာတက်အောင် လုပ်တဲ့ “ဂမ္ဘီရ” ပညာဆန်ဆန် ကျင့်ကြံအားထုတ်မှုတွေအဖြစ် ကူးပြောင်းတိုးတက်သွားပါတယ်။

စင်စစ်အားဖြင့် ဂန္ဓာရီပညာရပ်ဆိုင်ရာ တိကျသေချာတဲ့ ကျောရိုးအသိပညာတွေ မရှိပေမဲ့၊ ဖီမှော်ကို အဆင့်မြင့် မဟာဂမ္ဘီရအသွင် ယုံကြည်လက်ခံတာမျိုးတွေအများကြီး ရှိပါတယ်။ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံတွေမှာ အားကောင်းတဲ့ ဘာသာတရားတွေနဲ့ ပေါင်းစပ်ပြီး ဖီမှော်ယုံကြည်မှုရဲ့ လမ်းစဉ်လည်း အနိမ့်အမြင့် ကွာခြားသွားပါတယ်။

သနန္တဓမ္မ (ဟိန္ဒူ) နဲ့ နီးစပ်သွားတဲ့ ဖီမှော်မှာ လမ်းစဉ်တွေက သနန္တနဓမ္မလာ ယုံကြည်မှုအတိုင်း ဘုရားရှင်တွေနဲ့ အပေးအယူလုပ်သလို အဓိဋ္ဌာန်ဆုတောင်းတွေနဲ့ လိုအင်ဆန္ဒဖြည့်ဆည်းတဲ့ ပညာရပ်တွေ ဖြစ်သွားတတ်ပြီး၊ ဗုဒ္ဓဘာသာနဲ့ နီးစပ်သွားတဲ့ ဖီမှော်ပညာတွေကျတော့ ဗုဒ္ဓဘာသာအစဉ်အလာတွေမှာ ပါဝင်တဲ့ ယုံကြည်လက်ခံမှုတွေအတိုင်း “ဖီ” တွေလည်း ဘုံအလိုက် အစွမ်းတန်ခိုး ကွဲပြားသွားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

လမ်းစဉ်အားဖြင့် ဖီတွေရဲ့ အကူအညီရယူပြီး ကိုယ့်ရဲ့ နေ့စဉ်လူနေမှုဘဝ အဆင်ပြေချောမွေ့စေရေး လိုသုံးလိုမျိုး အနေအထား ရောက်သွားပါတယ်။ ဂျင်န်ဆိုတဲ့ အခိုးမဲ့မီးကနေ ပေါက်ဖွားတဲ့ နတ်ကြီးတွေက ဆူဖီပညာအရ အင်မတန် အစွမ်းတန်ခိုး ကြီးတဲ့ သတ္တဝါတွေဖြစ်ပြီး လူသားတွေနဲ့အတူ ကမ္ဘာကြီးပေါ်မှာပဲ ရှင်သန်ကျက်စားကြပါတယ်။

ဒါပေမဲ့ အစ္စလာမ် ဘာသာတရားရဲ့ လွှမ်းမိုးမှုဩဇာ ကြီးလာသည့်အလျောက် ဂျင်န်သတ္တဝါတွေအပေါ် ယုံကြည်မှုလည်း ပြောင်းလဲသွားပြီး၊ မကောင်းဆိုးဝါးစာရင်း သွင်းခံလိုက်ရတာမျိုး ဖြစ်သွားတတ်ပါတယ်။ အဲဒီအခါ နှောင်းပိုင်း ဆူဖီယုံကြည်မှုမှာ ဂျင်န်တွေက ပရလောကဝင် အဆင့်နိမ့်တဲ့ သတ္တဝါတွေအဖြစ် ပြောင်းလဲ လက်ခံ ခံရတာမျိုး ဖြစ်သွားပါတယ်။

ရှေးရှေးကတည်းက တည်ရှိခဲ့တဲ့ ဆူဖီလမ်းစဉ်အရ ဂျင်န်တွေရဲ့ အကူအညီရယူပြီး အဆင့်မြင့်တဲ့ ဂန္ဓာရီကထာ ဂမ္ဘီရကထာတွေ တောင်းဆိုလို့ရနိုင်ခဲ့ရာကနေ အိမ်ထဲအဝင်ခံလို့ မရနိုင်တဲ့ စေတန် (မကောင်းဆိုးဝါး)လိုမျိုး ပြောင်းလဲဆက်ဆံတာမျိုး ဖြစ်သွားပါတယ်။

ဒီအချက်တွေကို ဆက်စပ်တွေးခေါ်ခြင်းအားဖြင့် ဘယ်လိုပညာရပ်မျိုးမှာမဆို လမ်းစဉ် ရှိကို ရှိရပါမယ်။ လမ်းစဉ်တိုင်းမှာလည်း ယုတ္တိရှိတဲ့ ဂန္ဓာရီပညာ၊ ဂမ္ဘီရပညာတွေ သီးခြားစီ ရှိကို ရှိနေရပါမယ်။ လမ်းစဉ်လည်း မသေချာ၊ ပန်းတိုင်လည်း မရှိ၊ ဂန္ဓာရီလည်း မရှိ၊ ဂမ္ဘီရလည်း မကျ ဖြစ်နေခဲ့ရင် အတုအယောင် ပညာရပ်တွေသာဖြစ်ပြီး၊ ဝါသနာအရ အပျော်တမ်း လုပ်နေတာတွေပဲ ဖြစ်ပါလိမ့်မယ်။

/

mgyoe.com

mgyoe.com SAMPLE BOOK



# မူလသတ္တိ

ဘယ်အရာမဆို သတ္တိလို့ခေါ်တဲ့ စွမ်းအားနဲ့ လည်ပတ်လှုပ်ရှား နေကြတာဖြစ်တယ်။ သတ္တိဆိုတဲ့ စွမ်းအားမရှိတဲ့အရာ မရှိပါဘူး။ လမ်းစဉ်အလိုက် မူလသတ္တိ (Universal Force) ကို - အသိဉာဏ်ပညာ (Knowledge) ၊ အသိအလိမ္မာ (Wisdom)၊ ပရာဏ (prāṇa)၊ ချိ (氣)၊ ဝိညာဏ (Astral)၊ ဘဝင် (Ophidian vibrations) စသဖြင့် အမျိုးမျိုး ခေါ်ဝေါ်ကြပါတယ်။ ကာဘာလာပညာ (Qabala) အရ မူလသတ္တိကို ချိုင် (သို့မဟုတ်) ဟိုင် (Chai or Hai חי ) လို့ခေါ်ပါတယ်။ အာယုစိတ် အသက်စိတ်လို့လည်း အဓိပ္ပါယ် ရပါတယ်။

စကြာဝဠာအတွင်း ရှိရှိသမျှ ဖြစ်တည်မှုတိုင်းမှာ မူလသတ္တိရှိပါတယ်။ ဘယ်အရာကိုမဆို အရင်းစစ်လိုက်ရင် မူလသတ္တိက အခြေခံအကျဆုံး အရင်းအမြစ်ဖြစ်ပြီး၊ မူလသတ္တိရဲ့ စေ့ဆော်မှု၊ လှုံ့ဆော်မှု၊ လွှမ်းမိုးမှု၊ သက်ရောက်မှုတွေကြောင့် လည်ပတ် ဖြစ်တည် တည်ရှိနေကြတာ ဖြစ်ပါတယ်။ အစင်ကြယ်ဆုံးသော စွမ်းအားဖြစ်သလို၊ အကျိုးကြီးဆုံးသော စွမ်းအားလည်းဖြစ်ပါတယ်။ အားအကြီးဆုံးသော စွမ်းအားဖြစ်သလို၊ အကျယ်ပြန့်ဆုံးသော စွမ်းအားလည်းဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

# သတ္တိ (၁) ရက်တိ

တန္တရဝါဒယုံကြည်မှုတွေ မူလစွမ်းအင် (သို့) မူလစွမ်းအား (သို့) သဘာဝတန်ခိုး ငါးမျိုး ရှိပါတယ်။ အဲတာတွေကတော့ -

(၁) **ပရာသတ္တိ** (မူလဘူတ စွမ်းအင်)
(၂) **အာဒိသတ္တိ** (အခြေခံအကျဆုံးသော စွမ်းအင်)
(၃) **ဣစ္ဆာသတ္တိ** (ဆန္ဒအလျောက် ဖြစ်စေနိုင်တဲ့ စွမ်းအင်)
(၄) **ဉာဏသတ္တိ** (ပညာအလျောက် ဖြစ်စေနိုင်တဲ့ စွမ်းအင်)
(၅) **ကြိယသတ္တိ** (အသိအလျောက် ဖြစ်စေနိုင်တဲ့ စွမ်းအင်) တို့ပဲဖြစ်ပါတယ်။

**"မူလသတ္တိ"**ကို နောက်တနည်း ခွဲခြားလိုက်ရင် -

(၁) **အာနန္ဒသတ္တိ**
(ဝမ်းမြောက်ဝမ်းသာခြင်းကြောင့် ဖြစ်တဲ့စွမ်းအား)

(၂) **ဣစ္ဆာသတ္တိ**
(အာသီသဆန္ဒပြင်းပြမှုကြောင့် ဖြစ်တဲ့စွမ်းအား)

(၃) **ဇနသတ္တိ**
(လိုလားတောင့်တမှုကြောင့် ဖြစ်တဲ့စွမ်းအား)

(၄) **ကြိယသတ္တိ**
(အသိစိတ်ကြောင့် ဖြစ်တဲ့စွမ်းအား)

(၅) **ကုဏ္ဍလိနီသတ္တိ**
(သဘာဝအားဖြင့် ဖြစ်တဲ့စွမ်းအား)နဲ့

(၆) **မန္တရသတ္တိ**
(အသံကြောင့် ဖြစ်တဲ့စွမ်းအား)

ဆိုပြီး (၆) မျိုးခွဲခြားနိုင်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

# တောက်

သဘာဝပညာအရ မူလစွမ်းအင်ကို "တောက်" (တော်) (道) လို့ခေါ်ပါတယ်။ နားလည်သိမြင်ရခက်ခဲနက်နဲတဲ့ သဘာဝစွမ်းအားလို့လည်း အဓိပ္ပါယ်ရပါတယ်။ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ရှိကြောင်းရှိလို့ ရှိနေတဲ့ အရှိတရားဖြစ်တဲ့ ဓမ္မတာတရားလည်းဖြစ်ပါတယ်။ မူလသတ္တိလည်းဖြစ်သလို၊ ပကတိတရားလည်းဖြစ်ပါတယ်။

# ဓုဝီယ

အမြဲမပြတ် အစဉ်တွဲလျက် ဖြစ်တည်ပျက်တတ်တဲ့ အစွန်းနှစ်ဖက်သဘာဝကို ဓုဝီယစွမ်းအားလို့ ခေါ်ပါတယ်။ အမှားရှိရင် အမှန်ရှိမယ်။ အဖြူရှိရင် အမည်းရှိမယ်။ ကောင်းရင်ဆိုးမယ်။ ဖြောင့်ရင်ကောက်မယ်။ ဖန်ဆင်းခြင်းရှိရင် ရုတ်သိမ်းခြင်းရှိမယ်။ အထီးရှိရင် အမရှိမယ်။ ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိမယ်။ အကြောင်းရှိရင် အကျိုးရှိမယ်။ ရက်စက်ကြမ်းကြုတ်ခြင်းရှိရင် နူးညံ့သိမ်မွေ့ခြင်းရှိမယ်။ မုန်းတီးခြင်းရှိရင် ကြင်နာခြင်းရှိမယ်။ ဓုဝီယသဘောနဲ့ ဆန့်ကျင်သမျှ သဘာဝစွမ်းအားမဟုတ်တဲ့အတွက် အပေးမရှိပါဘဲ အယူမရှိနိုင်ပါဘူး။ ကံကောင်းအောင်လုပ်မှတော့ ကံဆိုးခြင်းရှိကို ရှိရမယ်။ ရယူခြင်းကို လိုလားမှတော့ ပေးဆပ်ခြင်း သို့မဟုတ် စွန့်လွှတ်ရမှု ရှိရမယ်။

> ဥပမာ။ ။ ကံကောင်းစေတဲ့ အစီအရင်လုပ်ရင် ကံဆိုးမှုကိုလည်း လက်ခံနိုင်ရမယ်။ လာဘ်ပွင့်အောင် လုပ်ချင်ရင် လာဘ်တိတ်မှုကိုလည်း ရင်ဆိုင်နိုင်ရမယ်။ မိုးကိုတားမှတော့ မိုးအကြီးအကျယ် ရွာချတာကိုလည်း ခံရတတ်တယ်။ အပေးအယူသဘော၊ အသွားအလာသဘောကို ဓုဝီယစွမ်းအားလို့ ခေါ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဂန္ဓာရီ ဂမ္ဘီရပညာရပ်တိုင်းမှာ ခုဝီယသတ္တိတွေ အမြဲ ပါရှိပါတယ်။ ကံကောင်းစေတဲ့အဆောင်လုပ်ရင် ကံဆိုးမှုကို ရင်ဆိုင်နိုင်ဖို့ အတွက်ပါ တခါတည်း စီရင်ရပါတယ်။ ယုံကြည်သက်ဝင်မှု ဓလေ့ထုံးစံနဲ့ ဂန္ဓာရီပညာရပ်အလိုက် ခုဝီယသတ္တိအပေါ် တည့်မတ်အောင် စီရင်နည်း ဂမ္ဘီရအပြေတွေ ကိုယ်ဆီရှိပါတယ်။ ခုဝီယသတ္တိ သဘာဝကိုလွန်ဆန်ပြီး စီရင်ထားသမျှ အစီအရင်တိုင်း ဘယ်တော့မှ အလုပ်မဖြစ်ပါဘူး။

ဥပမာ။ ။ ဝိကာ (Wicca) မှော်အစီအရင်အတိုင်း စီရင်ထားတဲ့ ယုန်ခြေထောက်ဆိုရင် ခုဝီယသတ္တိသဘာဝအတိုင်း စီရင်ထားတာဖြစ်တဲ့အတွက် ယုန်ခြေထောက်ကို ဆောင်ထားတဲ့ အချိန်ကာလအတွင်း အမြဲ ကံကောင်းနေတတ်ပေမဲ့၊ ယုန်ခြေထောက်ကို ဆုံးရှုံးသွားတာနဲ့တပြိုင်နက် ကံဆိုးခြင်းကို တောက်လျှောက် ခံစားရတာမျိုး ဖြစ်ပါတယ်။ ကံမဆိုးအောင် တခြား အစီအရင်နဲ့ ယုန်ခြေထောက်ကို ပြုပြင်ရင်လည်း ခုဝီယသတ္တိသဘောအရ ပေးဆပ်မှု မရှိပါဘဲ ရယူနိုင်မှု မဖြစ်ပါဘူး။ ဒီသဘောတရားအရ မျက်နှာပွင့်တဲ့ အစီအရင်လုပ်ရင် လူမုန်းခံရတာမျိုးဆိုတဲ့ ဆန့်ကျင်ဘက် သဘောကို အရင် ဖြေရှင်းရပါတယ်။ ဘယ်အစီအရင်က ဘယ်လိုလုပ်လိုက်ရုံနဲ့ ကံကောင်းတယ်၊ မျက်နှာပွင့်တယ်၊ ချမ်းသာကြွယ်ဝစေတယ် စသဖြင့် ဂမ္ဘီရအစီအရင်တွေက ဘယ်လိုမှ အစစ်အမှန် မဖြစ်နိုင်ပါဘူး။



mgyoe.com

mgyoe.com SAMPLE BOOK



# မူလဘူတသတ္တိ

ပြောင်းလဲလို့ မရသလို၊ ပြုပြင်စီရင်လို့လည်း မရနိုင်တဲ့ မူလဘူတဓါတ်ကြီး ငါးပါး ရှိပါတယ်။ အဲတာတွေကတော့ -

(၁) သိပ်သည်းမှုစွမ်းအား (ပထဝီဓါတ်)

(၂) စီးပြောင်းမှုစွမ်းအား (အာပေါဓါတ်)

(၃) ပြောင်းလဲမှုစွမ်းအား (တေဇောဓါတ်)

(၄) သက်ရောက်မှုစွမ်းအား (ဝါယောဓါတ်)

(၅) ခြားနားမှုစွမ်းအား (အာကာသဓါတ်) တို့ပဲဖြစ်ပါတယ်။

(အကျယ်ကို သနင်္ခနစမ္မ အာယုဗ္ဗေဒကျမ်းများ၌သော်လည်းကောင်း၊ ဖုန်းရွှေ (風水) ဆိုင်ရာ ကျမ်းဂန်များ၌သော်လည်းကောင်း၊ ဗုဒ္ဓဝါဒ ဓါတ်ကမ္မဋ္ဌာန်းများ၌သော်လည်းကောင်း၊ Corpus Hermeticum သို့မဟုတ် The Kybalion များ၌သော်လည်းကောင်း လေ့လာနိုင်ပါသည်။)

ဂန္ဓာရီ ဂမ္ဘီရပညာအရ ဘယ်လို အစီအရင်မျိုးမဆို၊ ကျင့်ကြံအားထုတ်မှုမျိုးမဆို မူလဘူတသတ္တိတွေနဲ့ စီရင်ရပါတယ်။ ကျင့်ကြံအားထုတ်ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မဟာသမုဒ္ဒရာကြီးထဲက
လှိုင်းလုံးတွေနဲ့ ကမ်းစပ်သောင်ပြင်က သဲပွင့်တွေ
ရေတွက်လို့ မရနိုင်သလို၊ သုံးလောကတခွင်က
ဂန္ဓာရီ ဂမ္ဘီရ ပညာရပ်တွေနဲ့ အသိအလိမ္မာတွေ
အလွန်မြားမြောင် ကျယ်ပြန့်နက်နဲလှတယ်။

—The Book of the Sacred Magic of Abramelin the Mage,
translated by S. L. MacGregor Mathers

......................................

မှော်ပညာဆိုတာက
အလိုဆန္ဒအတိုင်း အမှန်တကယ်ဖြစ်အောင်
ပြောင်းလဲစေနိုင်တဲ့ သိပ္ပံပညာလည်းဖြစ်သလို၊
ဝိဇ္ဇာပညာရပ်လည်းဖြစ်တယ်။

—Magick in Theory and Practice
by Aleister Crowley

mgyoe.com

mgyoe.com SAMPLE BOOK



အဖ၏ တန်ခိုးတော်ကြောင့်
မီးကဲ့သို့ မြိုက်လျက်ရှိသော ဝိညာဉ်သည် ထာဝရ ရှင်သန်နိုင်ခဲ့ပြီ၊
အမိ၏ တန်ခိုးတော်ကြောင့်
ဘဝသည်လည်း လောကအနှံ့ ပွင့်လန်းတည်ရှိနိုင်ခဲ့ပြီ။

—The Chaldaean Oracles of Zoroaster
translated by W. Wynn Westcott

mgyoe.com

mgyoe.com SAMPLE BOOK 

# ဂန္ထာဝရီ

## အဓိပ္ပါယ်ဖွင့်ဆိုချက်

"လမ်းစဉ်၏ အခြေခံ ယုံကြည်မှုဆိုင်ရာ တွေးခေါ် မြော်မြင်ချက်များ၊ အယူအဆဆိုင်ရာ ယုံကြည်လက်ခံချက်များ နှင့် သဘောတရားများကို လေ့လာမှတ်သားလျက် ကျင့်ကြံ အားထုတ်ခြင်းသည် ဂန္ထာဝရီပင်ဖြစ်သည်။"

လမ်းစဉ်အရ လေ့လာလိုက်စားတဲ့ ယုံကြည်သက်ဝင်မှုနဲ့ အယူအဆတွေအလိုက် ဂန္ထာဝရီအဆင့် အမျိုးမျိုး ကွာခြားသွားနိုင်ပါတယ်။

ဂန္ထာဝရီနှစ်မျိုး ရှိပါတယ်။ အဲတာတွေကတော့

(၁) **မဟာဂန္ထာဝရီ**နဲ့ (၂) **စူဠဂန္ထာဝရီ**တို့ပဲ ဖြစ်ပါတယ်။

ဝေဒကျမ်းဂန်တွေကို လေ့လာပြီး သနန္တနဓမ္မအတိုင်း နေထိုင် ကျင့်ကြံအားထုတ်မှုတွေကို မဟာဂန္ထာဝရီလို့ ခေါ်ပါတယ်။ သမထ ကမ္မဋ္ဌာန်း - ဝိပဿနာကမ္မဋ္ဌာန်းစသဖြင့် အဆင့်မြင့် ကမ္မဋ္ဌာန်းတွေနဲ့ သံသရာလွန်ကြောင်း တရားအားထုတ်မှုကိုလည်း မဟာဂန္ထာဝရီလို့ ခေါ် ပါတယ်။

ကျမ်းမြတ်ကိုအာန်မှာ သွန်သင်ပြသထားသည်အတိုင်း တသ ဝေမတိမ်း လိုက်နာပြီး ဆူဖီလမ်းစဉ်က ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်အတိုင်း ကျင့်ကြံအားထုတ်မှုတွေကို မဟာဂန္ထာဝရီလို့ ခေါ်ပါတယ်။ ကျမ်းစာ သစ်လာ ခရစ်တော်ရဲ့ သွန်သင်ဆုံးမမှုတွေကို ယုံကြည်လက်ခံလျက် ဒေသနာတော်အတိုင်း နေထိုင်ကျင့်ကြံမှုကို မဟာဂန္ထာဝရီလို့ ခေါ်ပါ တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

(Gnostic Bible) ဓမ္မသုတဒေသနာကျမ်းထွက်များမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း အသိဉာဏ်အလင်း ပွင့်လန်းအောင် ဂန္ဓာရီကျမ်းထွက် (Arcane Knowledge) တွေကို လေ့လာမှတ်သားပြီး လက်တွေ့ ကျင့်ကြံအားထုတ်မှုကိုလည်း မဟာဂန္ဓာရီလို့ ခေါ်ပါတယ်။

ယောဂ-တန္တရ မဏ္ဍာလစသဖြင့် တပအကျင့်တွေကို ဥပနိသျှဒ်ကျမ်း လာအတိုင်း တသဝေ မတိမ်းလိုက်နာကျင့်သုံးမှုတွေကိုလည်း မဟာဂန္ဓာရီလို့ ခေါ်ပါတယ်။ တော်ဇန်း (道藏) လာ သွန်သင်ချက်တွေအတိုင်း ကျင့်ကြံအားထုတ်မှုတွေကိုလည်း မဟာဂန္ဓာရီလို့ ခေါ်ပါတယ်။

အာဂမ (Āgama) တော်လာ မဟာဝီရ (Mahāvīra) ဘုရားရှင်၏ ဆုံးမလမ်းညွှန်ချက်များအတိုင်း တပ (Tapa) ကျင့်စဉ်များကို တသဝေမတိမ်း လိုက်နာခြင်းကလည်း မဟာဂန္ဓာရီဖြစ်ပါတယ်။

ဂုရု ဂရန်ထ် သာဟိဘ် (Guru Granth Sahib) သို့မဟုတ် အဒိဂရန်ထ် (Adi Granth) ကျမ်းတော်မြတ်လာ သွန်သင်ချက်များအတိုင်း တဏှာရာဂအစွဲအလမ်းတွေကို ချုပ်တည်းပြီး ဝါဟေဂုရု (Waheguru) ဘုရားသခင်နဲ့ ထပ်တူရှိတဲ့ စင်ကြယ်သော စိတ်အစဉ်ရှိအောင် ကျင့်ကြံခြင်းကိုလည်း မဟာဂန္ဓာရီလို့ ခေါ်ပါတယ်။

အဗေသ်တာဂ် (Abestāg) ကျမ်းမြတ်တော်လာ သွန်သင်ချက်များအတိုင်း တမန်တော် ဇရထုရှ်တြ သ်ပိတမ (Zarathushtra Spitama) ကိုယ်တော်တိုင် ချမှတ်ခဲ့တဲ့ ကျင့်ဝတ်တွေကို လက်တွေ့ ကျင့်ကြံအားထုတ်ခြင်းကိုလည်း မဟာဂန္ဓာရီလို့ခေါ်ပါတယ်။

(Freemasons) အနမိနဗိသုကာရှင်များပီသစွာနဲ့ စကြာဝဠာကြီးရဲ့ မဟာဗိသုကာရှင် (The Grand Architect of the Universe) ရဲ့ အမြင့်ဆုံးသော သင်ကြားချက်များအတိုင်း မဟာကရုဏာတရား၊ ပရဟိတတရား၊ သစ္စာတရားတွေကို ဦးထိပ်ထားလက်ခံကျင့်သုံးလျက် သေတပန် သက်တဆုံး စောင့်ထိန်းခြင်းကိုလည်း မဟာဂန္ဓာရီလို့ ခေါ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

ရွှေးကောက်ခံ တမန်တော်ချုပ် အဲရ်မက်စ် ထရိစ် မေဂိစတုစ် (Hermes Trismegistus) ရဲ့ အဲရ်မက်တစ် ကာဘာလာဟ် (Hermetic Qabalah) သွန်သင်ချက်များအတိုင်း လေ့လာမှတ်သားပြီး ကျင့်ကြံအားထုတ်တာကိုလည်း မဟာဂန္ဓာရီလို့ ခေါ်ပါတယ်။ (Rosicrucianism) နှင်းဆီကားတိုင်ဂိုဏ်းတော်မြတ်ကြီးအတွင်း ပို့ချသင်ကြားထားသည့်အတိုင်း တသဝေမတိမ်း လိုက်နာကျင့်ကြံနိုင်ခြင်းကိုလည်း မဟာဂန္ဓာရီလို့ ခေါ်ပါတယ်။

ယထာသမ္ပဒ္ဒါယ-ပရမ္ပရာယာန (Traditionalism) လာ သင်ကြားချက်များအတိုင်း သီးခြားလေ့ကျင့်အားထုတ်မှုတွေကိုလည်း မဟာဂန္ဓာရီလို့ ခေါ်ပါတယ်။

(ဘာသာရေး ယုံကြည်ချက်တွေ၊ ဂိုဏ်းဂဏတွေ စသဖြင့် တွေးခေါ်မြော်မြင်မှု အဆောက်အဦတွေနဲ့ ပတ်သက်လိုခြင်း မရှိဘဲ သီးခြားရပ်တည်လျက်၊ မိမိယုံကြည်လက်ခံလိုသော ရှေးဟောင်းအယူအဆ အဆုံးအမများအတိုင်း လွတ်လပ်စွာ သီးခြားကျင့်ကြံအားထုတ်တဲ့ လမ်းစဉ်ဖြစ်ပါတယ်။)

မဟာဂန္ဓာရီပညာရပ်၊ မဟာဂန္ဓာရီလမ်းစဉ်၊ မဟာဂန္ဓာရီ တွေးခေါ်ချက်တွေက အင်မတန် ကျယ်ပြန့်ပါတယ်။ မတူညီတဲ့ ဒေသန္တရ ယုံကြည်ချက်တွေနဲ့ ထုံးတမ်းအစဉ်အလာတွေအရ ကျင့်ကြံအားထုတ်ပုံတွေလည်း လုံးဝ မတူညီကြပါဘူး။

မဟာဂန္ဓာရီလမ်းစဉ်တိုင်းက သူတို့ကိုယ်သူတို့ အမြင့်ဆုံး အမြတ်ဆုံး အကောင်းဆုံး အမှန်ဆုံးလို့ ဆိုတတ်ကြသလောက် - ယထာသမ္ပဒ္ဒါယ (သို့) ပရမ္ပရာယာန တွေးခေါ်မြော်မြင်ချက်တွေအရ မြေကမ္ဘာကို အမီပြု ရှင်သန်နေကြတဲ့ လူသားတွေရဲ့ အသိဉာဏ်ပညာအလျောက် အမြင့်ဆုံး တွေးခေါ်နိုင်တဲ့ လမ်းစဉ်တွေသာ ဖြစ်ပါတယ်။ ဘယ်လမ်းစဉ်ကသာလျှင် အမြင့်ဆုံးဖြစ်တယ်လို့ ယတိပြတ် မဆိုနိုင်ပါဘူး။ ရှေးကျမှု ရှေးမကျမှု၊ လိုက်နာလိုက်စားသူများမှု နည်းမှုအပေါ်လည်း မမူတည်ပါဘူး။ မဟာဂန္ဓာရီမှန်သမျှ လူသားတိုင်းအတွက် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

စူဠဂန္ဓာရီဆိုတာကတော့ အသေးစားလမ်းစဉ်လို့ အဓိပ္ပါယ်ရပါတယ်။ မဟာဂန္ဓာရီလိုမျိုး လမ်းစဉ်ကြီးနဲ့ ပန်းတိုင်ကြီးတွေ သီးခြား မရှိဘဲ၊ မဟာဂန္ဓာရီ လမ်းစဉ်တွေထဲက လိုက်နာလိုက်စားတဲ့ ပုဂ္ဂိုလ်ရဲ့ လိုက်နာကျင့်သုံးအားထုတ်နိုင်မှုအပေါ် မူတည်ပြီး မှတ်တိုင်ငယ်လေးတွေ ထူထောင်သွားရတဲ့ အငယ်တန်းလမ်းစဉ်ဖြစ်ပါတယ်။

> ဥပမာ။ ။ ယောဂဏ္ဍရ မဟာဂန္ဓာရီ ကျင့်စဉ်ကြီးကို ကျင့်ကြံအားထုတ်နိုင်ခြင်း မရှိတာကြောင့်၊ အဓိဋ္ဌာန်ကျင့်စဉ်အဖြစ် မန္တရကျင့်စဉ်လောက်ပဲ ကျင့်ကြံပြီး မန္တရဝိဇ္ဇာဖြစ်အောင် အားထုတ်တာမျိုး။ ဒါမှမဟုတ် သမထ ကျင့်စဉ်များထဲက မိမိလိုက်နာကျင့်သုံး အားထုတ်နိုင်တဲ့ ကမ္မဋ္ဌာန်းကို သီးခြား ရွေးချယ်ပြီး သက်ဆိုင်ရာ ဈာန်အဘိညာဉ်ရအောင် ကျင့်ကြံအားထုတ်တာမျိုးကို စူဠဂန္ဓာရီလို့ ခေါ်ပါတယ်။

မဟာဂန္ဓာရီနဲ့ စူဠဂန္ဓာရီတို့ရဲ့ အဓိက ကွာခြားချက်က ပန်းတိုင်နဲ့ မှတ်တိုင် ကွာခြားသလို လိုလားတောင့်တတဲ့ ဦးတည်ရာ မတူညီခြင်းဖြစ်ပါတယ်။ မဟာဂန္ဓာရီက အမြင့်ဆုံးသော ဦးတည်ချက်ကို ရအောင်အားထုတ်မှုဖြစ်ပြီး၊ စူဠဂန္ဓာရီက အသုံးကျရုံ အကျိုးကျေးဇူး ရနိုင်ရုံမျှ ရည်မှန်းကြိုးစား အားထုတ်မှုမျိုးဖြစ်ပါတယ်။

ဓမ္မသုတခရစ်ယောဝါဒကို ယုံကြည်လက်ခံသူက မဟာဂန္ဓာရီလိုမျိုး လမ်းစဉ်ကြီးကို မလိုက်နာနိုင်တဲ့အခါ၊ အီနောခီးယန်းမှော် (Enochian Magic) စသဖြင့် အသေးစား ပညာရပ်တွေကိုသာ လိုက်နာကျင့်သုံးပြီး - ဒေဝလောက သို့မဟုတ် ပရလောကနဲ့ ဆက်သွယ်နိုင်ရုံ ကျင့်ကြံအားထုတ်တာမျိုးကို စူဠဂန္ဓာရီလို့ ခေါ်ပါတယ်။

အာဂမတော်လာ သွန်သင်ချက်တွေအတိုင်း မော်ရှ (မောက္ခ) ရနိုင်ဖို့ မကျင့်ကြံနိုင်တဲ့အခါ၊ အသေးစား သီလစောင့်ထိန်းမှုတွေနဲ့ လူဝတ်ကြောင်ဘဝမှာပဲ အကောင်းဆုံး ရှင်သန်နေထိုင်သွားတာမျိုးကိုလည်း စူဠဂန္ဓာရီလို့ ခေါ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

ဝေဒကျမ်းတော်မြတ်လာ မဟာဂန္ဓာရီကျင့်စဉ်များအတိုင်း အကြီးစားတပအကျင့်တွေ (အမြင့်စား အဓိဋ္ဌာန်တွေဖြစ်တဲ့ မီးလှုံ့အကျင့်၊ ရေငုပ်အကျင့်၊ ဒုက္ကရစရိယလိုမျိုး တပတ်တိတိ၊ တလတိတိ စသဖြင့် အစာရေစာရှောင်တဲ့အကျင့်တွေ) ကို မလုပ်ဘဲ၊ အသေးစားဖြစ်တဲ့ ဥပုသ်စောင့်ထိန်းမှု၊ သီလစောင့်ထိန်းမှု၊ အဓိဋ္ဌာန်ဖြင့် မန္တာန်ရွတ်ဖတ်သရဇ္ဈာယ်မှုတွေကို စူဠဂန္ဓာရီလို့ ခေါ်ပါတယ်။

နေ့စဉ်မပြတ် တရက်ငါးကြိမ် ဝတ်ပြုဆုတောင်းခြင်း၊ အရုဏ်ဦးမှသည် ဆည်းဆာချိန်အထိ အစာရေစာရှောင်ခြင်း၊ ဘုရားရှင်၏ နာမတော်အား တနေ့လျှင် အကြိမ်ပေါင်း ကိုးထောင်ပြည့်အောင် တမ်းတရွတ်ဖတ်၍ ချီးကျူးပတ္ထနာခြင်း စသဖြင့် အကျင့်တွေကို စူဠဂန္ဓာရီအကျင့်တွေလို့ ခေါ်ပါတယ်။

/

mgyoe.com

mgyoe.com
SAMPLE BOOK

# ဂမ္ဘီရ

## အဓိပ္ပါယ်ဖွင့်ဆိုချက်

"လမ်းစဉ်၏ အခြေခံ ယုံကြည်မှုဆိုင်ရာ တွေးခေါ်မြော်မြင်ချက်များ၊ အယူအဆဆိုင်ရာ ယုံကြည်လက်ခံချက်များနှင့် သဘောတရားများကို အကျယ်အားဖြင့်ဖြစ်စေ၊ အကျဉ်းအားဖြင့်ဖြစ်စေ အစီအရင်များဖြင့် လက်တွေ့ အကောင်အထည်ဖော်ဆောင်လျက် ကျင့်ကြံအားထုတ်မှုကို ဂမ္ဘီရဟု ခေါ်သည်။"

လမ်းစဉ်အရ လေ့လာလိုက်စားတဲ့ ယုံကြည်သက်ဝင်မှုနဲ့ အယူအဆတွေအလိုက် ဂမ္ဘီရကို သိက္ခာအားဖြင့် -

(၁) စူဠဂမ္ဘီရသိက္ခာ (Lesser Level)

(၂) မဇ္ဈဂမ္ဘီရသိက္ခာ (Adept level)

(၃) မဟာဂမ္ဘီရသိက္ခာ (Mastery Level)

(၄) အန္တိမဂမ္ဘီရသိက္ခာ (Prime Level) ဆိုပြီး လေးမျိုးလေးစားခွဲခြားနိုင်တယ်။

စူဠဂန္ဓာရီလမ်းစဉ်နဲ့ ကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်နေရင် စူဠဂမ္ဘီရသိက္ခာနဲ့ မဇ္ဈဂမ္ဘီရသိက္ခာတန်းဝင်ပါတယ်။ မဟာဂန္ဓာရီလမ်းစဉ်နဲ့ ကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်နေရင်တော့ မဟာဂမ္ဘီရသိက္ခာနဲ့ အန္တိမဂမ္ဘီရသိက္ခာတန်းဝင်သွားပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK



စူဠဂမ္ဘီရသိက္ခာဆိုတာက အငယ်တန်းပညာရပ်တွေကို လက်တွေ့ဖော်ဆောင်ကျင့်သုံးမှုဖြစ်ပါတယ်။ မဇ္ဈိမဂမ္ဘီရသိက္ခာဆိုတာက အလယ်တန်း ပညာရပ်တွေကို လက်တွေ့ဖော်ဆောင်ကျင့်သုံးမှုပါ။ မဟာဂမ္ဘီရသိက္ခာဆိုတာက အကြီးတန်းပညာရပ်တွေကို လက်တွေ့ဖော်ဆောင်ကျင့်သုံးမှုဖြစ်ပါတယ်။ အန္တိမဂမ္ဘီရသိက္ခာဆိုတာကတော့ အမြင့်ဆုံးဖြစ်ပြီး မဟာဂန္ဓာရီလမ်းစဉ်ရဲ့ အန္တိမပန်းတိုင်ကို ဖော်ဆောင်နေမှုဖြစ်ပါတယ်။

> ဥပမာ။ ။ ဖယောင်းချပ်အပေါ် စမ (Sigil) ရေးထိုးပြီး ပရလောကနဲ့ ဆက်သွယ်ဖို့ ကြိုးစားတဲ့ အစီအရင်မျိုး လုပ်တာကို စူဠဂမ္ဘီရသိက္ခာအဆင့်လို့ ခေါ်ပါတယ်။ (Sigillum Dei Aemeth) ဂိုဧတိယ အင်းကွက် (Goetic Sigils) တွေကို သုံးပြီး အစီအရင် အခမ်းအနားနဲ့တကွ ပရလောကဖြစ်စေ၊ ဒေဝလောကထဲကဖြစ်စေ ပုဂ္ဂိုလ်တွေကို သတ္တလောကထဲ ဆင့်ခေါ်တဲ့ အစီအရင်မျိုး လုပ်တာကိုကျတော့ မဇ္ဈိမဂမ္ဘီရသိက္ခာအဆင့်လို့ ခေါ်ပါတယ်။

ဧ္ဍနောခီးယန်းအင်းကွက် (Enochian Circles) တွေကို စနစ်တကျ ရေးဆွဲပြီး အပပူးကပ်နေတဲ့ လူပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ထဲကနေ ဧ္ဍနောခီးယန်းမန္တရ (Enochian calls) တွေသုံးပြီး အပ-ပယောဂနှင်တဲ့ အစီအရင်မျိုး လုပ်တာကိုကျတော့ မဟာဂမ္ဘီရသိက္ခာအဆင့်လို့ ခေါ်ပါတယ်။ ဧ္ဍနော့ခီးယန်းမဏ္ဍလ (Enochian Table) တွေကို အစီအရင် အခမ်းအနားတွေနဲ့တကွ စနစ်တကျ စီရင်ဆောင်ရွက်ပြီး ဒေဝလောကနဲ့ အဆက်အသွယ်ရယူနိုင်တာမျိုးကို အန္တိမဂမ္ဘီရသိက္ခာလို့ ခေါ်ပါတယ်။

မဟာယာန တန္တရကျင့်စဉ်တွေအရ မန္တရတွေနဲ့ ပူဇော်သက္ကာရပြုပြီး အဓိဋ္ဌာန်ဆုတောင်းတဲ့ အစီအရင်တွေလုပ်တာကို စူဠဂမ္ဘီရသိက္ခာအဆင့်လို့ ခေါ်ပါတယ်။ မန္တရအပြင် ယန္တရ (အင်းကွက်၊ စမကွက်) တွေရဲ့ အစွမ်းကို အသုံးပြုပြီး ဈာန်စိတ်ရအောင် ကျင့်ကြံအားထုတ်တာကိုတော့ မဇ္ဈိမဂမ္ဘီရသိက္ခာလို့ ခေါ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မုဒြာအမျိုးမျိုး အသုံးပြုပြီး ယောဂကျင့်လျက် မဏ္ဍာလတွေနဲ့ စနစ်တကျ ပူဇော်သက္ကာရပြုပြီး အဓိဋ္ဌာန်ဝတ်ပြုဆုတောင်း ကျင့်ကြံအားထုတ်တာမျိုးကိုတော့ မဟာဂမ္ဘီရသိက္ခာလို့ ခေါ်ပါတယ်။ သာဓနမှန်မှန် သိက္ခာ (ဝတ်ပြုအခမ်းအနား) မှန်မှန်၊ ယောဂအကျင့်မြတ်နဲ့ ပူဇော်သက္ကာရပြုပြီး၊ မုဒြာအလိုက် ယန္တရရေးထိုး၊ မဏ္ဍာလရေးဆွဲပြီး မန္တရားတွေ ရွတ်ဖတ်သရဇ္ဈာယ်ပြီးတဲ့နောက် စျာန်စိတ်ကျအောင် ကျင့်ကြံပြီးသလို၊ အဘိညာဉ်ရသည်အထိ ကျင့်ကြံအားထုတ်တာမျိုးကိုတော့ အန္တိမဂမ္ဘီရသိက္ခာလို့ ခေါ်ပါတယ်။

မတူညီတဲ့လမ်းစဉ်၊ မတူညီတဲ့ ယုံကြည်သက်ဝင်မှု၊ မတူညီတဲ့ ဂန္ဓာရီပညာရပ်များအလိုက် ဂမ္ဘီရသိက္ခာတွေ အမျိုးမျိုး ရှိပါသေးတယ်။ ဘာသာရေးတွေမှာလည်း သီးခြား အကျင့်အကြံတွေ ရှိသလို၊ အဆင့်အတန်းတွေ ခွဲခြားထားတတ်ပါတယ်။

ဥပမာ - လူဝတ်ကြောင်ဘဝ သီလစောင့်ထိန်းမှုကို စူဠဂမ္ဘီရ၊ တောထွက်ပြီး သီးခြားတရားအားထုတ်တတ်တဲ့ ပရမိုဇ် သီလကျင့်ကြံမှုကို မဇ္ဈိမဂမ္ဘီရ၊ ရှင်သာမဏေဘဝ ရှင်ကျင့်ဝတ်သိက္ခာပုဒ်များ စောင့်ထိန်းနိုင်မှုကို မဟာဂမ္ဘီရ၊ ပဗ္ဗဇ္ဇမင်္ဂလာနဲ့ အတူ သာမဏေရ ရဟန်းဘဝနဲ့ သိက္ခာတော်များ စောင့်ထိန်းနိုင်မှုကို အန္တိမဂမ္ဘီရလို့လည်း ခေါ်နိုင်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


# ယောဂဗ္ဗရ

ယောဂ ဆိုတာက ပေါင်းစည်းခြင်းဖြစ်ပါတယ်။ ဟန်ချက်ရှိခြင်းလို့လည်း အဓိပ္ပါယ်ရပါတယ်။ ရုပ်နဲ့နာမ် ပေါင်းစည်းခြင်း၊ သို့မဟုတ် ရုပ်နဲ့နာမ်ရဲ့ ညီညွတ်ခြင်းလို့လည်း ပြောနိုင်ပါတယ်။ ဝေဒကျမ်းခေတ် မတိုင်မီ ရှေးရှေးကတည်းက ရှိခဲ့တဲ့ ကျင့်စဉ်ကြီးဖြစ်ပြီး၊ စိတ်ရဲ့ တည်ကြည်မှုအတွက် ရုပ်ရဲ့ ဟန်ချက်ကို ထိန်းသိမ်းစောင့်ရှောက်တဲ့ ဂန္ဓာရီအယူအဆ ဂမ္ဘီရအကျင့်ကြီးဖြစ်ပါတယ်။

ပတဉ္ဇလိ ယောဂ သူတြ (Patañjali yoga sūtra) အရ ယောဂအကျင့်မြတ်တွေကို အကိုင်းအခက် ရှစ်မျိုး ခွဲပြီး သိနိုင်ပါတယ်။

အဲဒီ ယောဂအကိုင်းအခက်ကြီး ရှစ်မျိုးကတော့

(၁) ယမ (Yama)
(၂) နိယမ (Niyama)
(၃) အာသန (Āsana)
(၄) ပရာဏာယာမ (Parāṇāyāma)
(၅) ပြတျာဟာရ (Pratyāhāra)
(၆) ဓာရဏာ (Dhāraṇā)
(၇) ဈာနန္ဒ (Dhyāna)
(၈) သမာဓိ (Samādhi) တို့ပဲဖြစ်ပါတယ်။

mgyoe.com